**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၄၈)**

**နေ့စွဲ – ၁၀. ၁၀. ၁၀**

### ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းအကြောင်း(God's Righteousness)

သူ၏ ကျေးဇူးတော်၊ ဂရုဏာတော်၊ ချစ်ခြင်း စသည်တို့ကဲ့သို့ပင် ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းသည်လည်း ဖန်ဆင်းခံတို့က ခံယူရရှိနိုင်သော ဂုဏ်လက္ခဏာတခု ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဖြောင့်မတ်ခြင်းကို ကျွန်တော်တို့အား လက်ဆောင်အဖြစ် ပေးတော်မူပါသည်၊ ထို့ကြောင့် ကျွန်တော်တို့သည်ဖြောင့်မတ်ကြပါသည်။ ဘုရားသခင်က သူ၏ကိုယ်ပိုင် ဂုဏ်လက္ခဏာများကို ကျွန်တော်တို့အား ပေးသနားတော်မူလျှက်၊ သူနှင့်တူလာရန် လုပ်ဆောင်တော်မူခြင်းသည် အံ့သြစရာကောင်းလှပါသည်။ ပို၍အံ့သြစရာကောင်းသည်မှာ ကျွန်တော်တို့ကဲ့သို့သော အပြစ်သားများကို ထိုသို့ပေးတော်မူခြင်းဖြစ်သည် (ရောမ ၄း၅)။

ထို ဘုရားသခင်ပေးတော်မူသော လက်ဆောင်များထဲတွင် ဖြောင့်မတ်ခြင်းဆိုသည်ထက် ပို၍အရေးကြီးသောလက်ဆောင် မရှိပါ။ ထိုလက်ဆောင်ကို ပေးတော်မူသည့်အခါ၊ ပေးအပ်ရသည့်အကြောင်းမှာ ကျွန်တော်တို့ထံတွင် ကိုယ်ပိုင်ဖြောင့်မတ်ခြင်း တခုမှမရှိသောကြောင့်ဖြစ်ပါသည်။ ထိုသို့မဖြောင့်မတ်သောကြောင့် ကျွန်တော်တို့သည်သူ၏ရှေ့တော်မှောက်တွင် တရားစီရင်ခံကြရမည့်သူများ ဖြစ်နေကြပါသည်။ သူ၏ဖြောင့်မတ်တော်မူခြင်းကို လက်ဆောင်အဖြစ် ကျွန်တော်တို့ကို ပေးတော်မူသည့်အခါ၊ ကျွန်တော်တို့သည် သူ့ရှေ့တော်မှောက်တွင် ဖြောင့်မတ်သူများ၊ အပြစ်ကင်းသူများ၊ ဒဏ်ပေးခံရန် လုံးဝမဖြစ်နိုင်သူများ ဖြစ်လာကြပါသည်။

ဖြောင့်မတ်ခြင်းဆိုသည်မှာ ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းကို လက်ဆောင်အနေနှင့်ပေးထားခြင်းဖြစ်ကြောင်း သင်သိပါသလား? ဤကမ္ဘာလောကထဲတွင် မတွေ့နိုင်သောအရာတခု ဖြစ်ပါသည်။ ကောင်းကင်မှလာသောအရာဖြစ်ပါသည်။ ထို့ကြောင့် မာတင်လူသာက "တခြားကမ္ဘာမှလာသောဖြောင့်မတ်ခြင်း"ဟုခေါ်ပါသည် (ရောမ ၃း၂၁)။ ဘုရားသခင်သည် ထိုဖြောင့်မတ်ခြင်းကို သူ့သားတော်၏ ဝေဒနာခံစားခြင်း၊ အသေခံခြင်းဖြင့် ကျွန်တော်တို့အတွက် ရယူပေးပါသည်။ ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ပေးမှုအားဖြင့်၊ ယုံကြည်ခြင်းမှတဆင့် ကျွန်တော်တို့ကို ပေးတော်မူပါသည်(ဟောရှေ ၂း၄၊ ရောမ ၁း၁၇၊ ရောမ ၃း၂၂ –၂၆)။

အံ့သြစရာကောင်းသည်မှာ ထိုဖြောင့်မတ်ခြင်းသည် အစမှအဆုံးအထိ ဘုရားသခင်ကသာ ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။ ထိုအချက်ကိုအထူးပြုရန် အရေးကြီးပါသည်၊ အဘယ်ကြောင့်ဆိုသော် ဧဝံဂေလိခရစ်ယာန်အများအပြားသည်၊ ရီဖေါ့(မ်)တို့၏ယုံကြည်ချက်ဖြစ်သော၊ အဖိုးအခပေးစရာမလိုဘဲ၊ ကျေးဇူးတော် သက်သက်ကြောင့်သာ ဖြောင့်မတ်ကြပါသည် ဆိုသည့်အမှန်တရားကို စွန့်ပယ်နေကြကာ၊ ရိုမန်ကက်သလစ်တို့၏အယူဝါဒနှင့် ဘာမှမခြားလှသော "ဖြောင့်မတ်ခြင်းကို လုပ်ကိုင်ခြင်းအကျင့်အားဖြင့်၄င်း၊ ယုံကြည်ခြင်းအားဖြင့်၄င်း ရရှိကြပါသည်"ဟု သွန်သင်နေကြသောကြောင့်ဖြစ်ပါသည်။ အမှန်မှာ ဘုရားသခင်သည်သူ၏ဖြောင့်မတ်တော်မူခြင်းကို ကျွန်တော်တို့အား ပေးယုံမျှမကပါ၊ သူ၏သားတော်၏အသက်တာအားဖြင့် ကျွန်တော်တို့အတွက် ရယူပိုင်ဆိုင်ပေးတော်မူခြင်းဖြစ်ပါသည်။ ကျွန်တော်တို့က ဖြောင့်မတ်ခြင်းကိုရရန် ဘာကိုမှ လုပ်ဆောင်ကြခြင်းမရှိပါ (ရောမ ၃း၂၄)။ ကျွန်တော်တို့၏ဖြောင့်မတ်ခြင်းဖြစ်လာဖို့ ယုံကြည်ခြင်းမှတဆင့်ပေးတော်မူသော ဖြောင့်မတ်ခြင်းသည်လည်း ကျွန်တော်တို့၏အကျင့်/လုပ်ကိုင်မှုကြောင့် ရလာသည်မဟုတ်ပါ၊ ဘုရားသခင်က လက်ဆောင်အဖြစ်ပေးခြင်းသာဖြစ်ပါသည်(ဖေက် ၂း၈–၁၀)။ ဖြောင့်မတ်ခြင်းတွင် အကျင့်/လုပ်ကိုင်ခြင်း တခုမှမပါရှိပါ၊ အားလုံးသည် ထာဝရကာလမှနေ၍ သခင်ခရစ်တော်ထံနှင့် သန့်ရှင်းသောဝိညာဉ်တော်ထံ၌၊ ဘုရားသခင်၏ကိုယ်ပိုင်လုပ်ပေးတော်မူခြင်း(God's own works in eternity, in Christ, and in the Spirit)သာဖြစ်ပါသည်(ရောမ ၁၁း၆)။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့ကို တစုံတခုအားပေးရန်အတွက်သာ ဘုရားသခင်သည် ဖြောင့်မတ်တော်မူခြင်း မဟုတ်ပါ။ ဖြောင့်မတ်တော်မူရန် ကျွန်တော်တို့ကို မလိုအပ်ပါ။ သူသည် မိမိကိုယ်မိမိ၌ ဖြောင့်မတ်တော်မူသူဖြစ်ပါသည် (ဆာလံ ၁၁း၇၊ ၁၁၉း၅၊ ဒံ ၉း၇၊ ယော ၁၇း၂၅၊ ဗျာ ၁၆း၅)။

ဘုရားသခင်သည်ဖြောင့်မတ်ခြင်းဖြစ်သည်ဟုပြောသောအခါ ဘာကိုဆိုလိုသနည်း? ဖြောင့်မတ်ခြင်းဆိုသည်မှာ ဥပဒေအတိုင်းနေထိုင်ခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်သည် မည်သည့်ဥပဒေကို လိုက်စရာလိုပါမည်နည်း? သူ့ကို မည်သည့် စံနှုန်းဖြင့် တိုင်းတာရပါမည်နည်း? အဖြေမှာ သူကိုယ်တိုင်သည် ကောင်းခြင်းနှင့်ဆိုးခြင်းတို့ကို တိုင်းတာရသော စံနှုန်းဖြစ်တော်မူပါသည် (ဆာလံ ၃၅း၂၄)။ သူ၏ပြည့်စုံတော်မူခြင်းသည် ဖန်ဆင်းခံအားလုံးတို့က လိုက်နာလျှက်အသက်ရှင်ရမည့် စံနှုန်းဥပဒေသ ဖြစ်ပါသည်။ သူကိုယ်တိုင်ကလည်း ထိုစံနှုန်းကို လုပ်လေသမျှ၊ ပြောလေသမျှတို့တွင် လိုက်နာတော်မူပါသည်။ သူ့ကို မဖြောင့်မတ်ဟုဘယ်တော့မှ စွပ်စွဲ၍မရပါ (ရော ၉း၁၄)။ ဘုရားသခင်၏ စကားတော် တလုံးတလေတွင်၎င်း၊ လုပ်ကိုင်ခြင်းတခုတလေတွင်၎င်း မည်သည့်အခါတွင်မှ အမှားတစုံတခုကို ရှာမတွေ့နိုင်ပါ (ဆာလံ ၁၉း၉၊ ရော ၉း၂၀)။ သူလုပ်သမျှသည် မှန်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူလုပ်၍ဖြစ်သည်။ ၎င်းသည် သူ၏ဖြောင့်မတ်တော်မူခြင်းဖြစ်ပါသည်။

ဘုရားသခင်က ကျွန်တော်တို့ကို ဖြောင့်မတ်အောင်လုပ်ပေးသည်ဆိုသည်မှာ ဘုရားသခင်က ကျွန်တော်တို့ကို သူ၏ကျေးဇူးတော်သက်သက်ဖြင့်၊ သူ၏ပြည့်စုံခြင်း၏ စံနှုန်းများကို ကိုက်ညီစွာ လိုက်နာအသက်ရှင်စေသည်ဟု ပြောခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်နိုင်ရန် သူသည် သူ၏သားတော်ကို ကျွန်တော်တို့၏အပြစ်များအတွက် ကိုယ်စားခံပေးရန်၊ သူ၏မျက်နှာသာပေးမှုကို ထိုက်တန်ပေးရန် စေလွှတ်တော်မူခြင်းဖြင့် ပြုတော်မူသည်။ ထိုဘုရားသခင်ကို ကျေးဇူးတင်လှပါသည်။

## ဘုရားသခင်၏ဉာဏ်ပညာတော်(God's Wisdom)

ဘုရားသခင်သည် ဉာဏ်ပညာဖြစ်သည်။ ထိုအချက်ကို ကျွန်တော်တို့ ယုံကြည်ကြပါသည်၊ သို့သော် အချိန်အများစုတွင် ထိုအချက်ကို မေ့လျှက်နေကြပါသည်။ ထို့ကြောင့် ကျမ်းစာက ဘုရားသခင်၏ဉာဏ်ပညာတော်နှင့်ပတ်သက်၍ မည်သည်တို့ကို သွန်သင်ကြောင်း သတိပေးရန်သည် လုပ်စရာကောင်းသောအရာဖြစ်ပါသည်။

ကျွန်တော်တို့အတွက် ဉာဏ်ပညာဆိုသည်မှာ အရာခပ်သိမ်းကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန် မည်သို့လုပ်ရမည်ကို သိနားလည်ခြင်းဖြစ်သည်။ လူအများက အရာခပ်သိမ်းကို မိမိတို့အတွက် မည်သို့ကိုင်တွယ်ရမည်ကို သေချာသိကြပါသည်၊ မိမိတို့၏အကျိုးအမြတ်အတွက် မည်သို့ကိုင်တွယ်ရမည်ကို သိကြပါသည်၊ သို့သော် ထိုသူတို့သည် အရာခပ်သိမ်းကို ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့အတွက်မူ နည်းနည်းကလေးမှ မသိကြပါ။ ထိုသူတို့သည် မိမိတို့နှလုံးသားများထဲတွင် ဘုရားသခင်မရှိပါဟု ပြောကြသည့် မိုက်မဲသူများဖြစ်ကြပါသည် (ဆာလံ ၁၄း၁)။

ဉာဏ်ပညာသည် ဘုရားသခင်ပေးသော လက်ဆောင်တခုဖြစ်ပါသည်။ အရာခပ်သိမ်းကို သူ၏ဘုန်းတော်ထင်ရှားဖို့ လုပ်ကိုင်တတ်ရန် သူကသာ သင်ပေးနိုင်ပါသည်။ သူ၏နှုတ်ကပတ်တော်သည် ဉာဏ်ပညာအားလုံး၏ အရင်းအမြစ်ဖြစ်ပါသည်။ သူ၏ဝိညာဉ်တော်သည် သင်ပေးသူဆရာဖြစ်သည်။ ဝိညာဉ်တော်က ကျွန်တော်တို့၏နှလုံးသားများကို မပြောင်းလဲစေသ၍ ကျွန်တော်တို့သည် ဘာကိုမှ မသင်ယူနိုင်ကြပါ။

ဘုရားသခင်သည် တောင်းသူတိုင်းကို ဉာဏ်ပညာပေးမည်ဟု ကတိတော်ထားပါသည်။ ဉာဏ်ပညာ အားယုံကြည်ခြင်းဖြင့် တောင်းဆိုသူတိုင်းထံ ပေးတော်မူမည်၊ ထိုသို့ပေးခြင်းကို ချုပ်ထားမည်မဟုတ်ဟု ကတိထားပါသည် (ယာကုပ် ၁း၅၊ ၆)။ ထို့ကြောင့် မိုက်မဲခြင်းအတွက် ဆင်ခြေတက်ရန်အကြောင်း မရှိပါ။ ကျွန်တော်တို့သည် အသက်ငယ်သဖြင့်၎င်း၊ အတန်းပညာနည်းပါးသဖြင့်၎င်း အသိပညာ မကြွယ်ဝဘဲ ရှိနိုင်ပါသည်၊ သို့သော် ဉာဏ်ပညာ မရှိခြင်းအတွက် ဆင်ခြေတက်၍မရပါ။ ဉာဏ်ပညာချို့တဲ့ခြင်းသည်၊ ဘုရားသခင်ထံမရှာခြင်းမှ ထွက်ပေါ်လာပါသည်။

ကျွန်တော်တို့ဘဝများအတွက် ဘုရားသခင်၏လုပ်ဆောင်ပုံကို ဆွေးမွေးခြင်း၊ ညီတွားခြင်းတွင်လည်း ဆင်ခြေတက်စရာမရှိပါ။ သူသည် ပညာရှိအလုံးစုံရှိသူဖြစ်ကြောင်း ကျမ်းစာထဲတွင် ကျွန်တော်တို့ကို ပြောထားယုံမျှမကပါ၊ နားလည်နိုင်ရန် ဉာဏ်ပညာကိုလည်း ကတိပေးတော်မူပါသည်၊ ထိုအသိပညာကို သူ၏ဘုန်းတော်ထင်ရှားရန် အသုံးပြုတတ်ခြင်းကိုလည်း ကတိပေးပါသည်။ သူ၏အလိုတော်ကို မိမိတို့၏ အခက်အခဲများကြားမှနေ၍ ဝန်ခံကာ၊ သူ၏ကောင်းမြတ်ခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းလျှက်၊ သူ၏ဂရုဏာတော်ကို အားကိုးရန် ပြောပြတော်မူပါသည်။

ကျွန်တော်တို့သည် မိမိတို့အတွက် မဟုတ်ဘဲ၊ သူ၏ဘုန်းတော်ထင်းရှားဖို့ အသက်ရှင်ကြခြင်းဖြင့် ဘုရားသခင်ပေးတော်မူသော ဉာဏ်ပညာကို ပြကြပါသည်။ ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့သည် မိုက်မဲသူများ မဟုတ်ကြတော့ပါ၊ ဉာဏ်ပညာရှိသူများ ဖြစ်ကြပြီ၊ ဘုရားသခင်၏အလိုတော်ကို သေချာစွာနားလည်ကြလျှက် ကျွန်တော်တို့ လုပ်သမျှတွင် သူ့ကိုချီးမြှောက်ရန် အသက်ရှင်ကြပါသည်။ ကျွန်တော်တို့ မိမိတို့ကိုယ်ကို၌ အပြစ်၏မိုက်မဲမှုများ၊ စစ်မှန်သောဉာဏ်ပညာ လိုအပ်နေမှုတို့ကို တွေ့ကြရသည့်အခါတွင်လည်း၊ ဘုရားသခင်သာ ကျွန်တော်တို့လိုအပ်နေသော ဉာဏ်ပညာ၏အရင်းအမြစ်ဖြစ်ကြောင်း သူကသာ ဉာဏ်ပညာကို ပေးကြောင်း၊ သူ့ထံသို့သာ ဉာဏ်ပညာရရန် ရှာဖွေကြပါသည်၊ သူက ဉာဏ်ပညာကို ရက်ရောစွာပေးတော်မူမည်၊ ချုပ်တည်းထားတော်မူမည်မဟုတ်ကြောင်း စိတ်ချစွာ အားကိုးကြပါသည်။

ဉာဏ်ပညာသည် ဘုရားသခင်ပေးသော လက်ဆောင်တခုမျှသာ မဟုတ်ပါ၊ ဘုရားသခင်၏ ဂုဏ်လက္ခဏာတခုလည်း ဖြစ်ပါသည်။ သူ၏ဂုဏ်လက္ခဏာတခုအရ ဉာဏ်ပညာဆိုသည်မှာ အရာအားလုံးကိုသိတော်မူသော ဘုရားသခင်၏ အသိပညာ၊ အရာခပ်သိမ်းကို မိမိဘုန်းတော်အတွက် ပြုတော်မူနိုင်သော အံ့သြစရာ လုပ်ဆောင်နိုင်စွမ်းဖြစ်ပါသည်။ သူသည် အရာအားလုံး မည်သို့ဖြစ်လာမည်၊ ဖြစ်လာသမျှကို မိမိဘုန်းတော်အတွက် မည်သို့အသုံးပြုမည် ဆိုသည်ကို သိယုံ/ဆုံးဖြတ်ယုံတင်မကပါ၊ အားလုံးကို ထာဝရကာလမှနေ၍ သိတော်မူပါသည်၊ ထိုသို့ ဉာဏ်ပညာတော်ဖြင့် အရာအားလုံးကို အမိန့်တော်ချမှတ်၍ ကြိုတင်ခွဲခန့်မှတ်သားတော်မူပါသည်။ ထိုသို့ဖြင့် အရာအားလုံးက သူ၏ဖြောင့်မတ်တော်မူခြင်းနှင့် ကျေးဇူးတော်တို့၏ ဘုန်းအသရေကို ပြကြမည်ဖြစ်ပါသည်။

ဘုရားသခင်သည် အားလုံးကို ဉာဏ်ပညာတော်အားဖြင့် သူ့ဘုန်းတော်အတွက် ပြုလုပ်တော်မူသောကြောင့်၊ ကျွန်တော်တို့ဘဝတွင် တွေ့ကြုံရသော“မကောင်းသောအရာများ”(bad things)ကလည်း ကျွန်တော်တို့ကို သူ၏ချစ်ခြင်းမှနေ၍ ခွဲပစ်မည်မဟုတ်၊ ကျွန်တော်တို့အတွက် ကောင်းသောအရာများသာ ဖြစ်လာလိမ့်မည်ကို သေချာစွာ သိကြပါသည်။ ဉာဏ်ပညာတော်ဖြင့် ဘုရားသခင်သည် ထာဝရကာလကထဲကပင် အရာအားလုံးက သူ၏ဘုန်းတော်ထင်ရှားဖို့ လုပ်ဆောင်ပေးကြမည်ဆိုသည်ကို သိတော်မူပါသည်၊ ထိုအထဲတွင် ကျွန်တော်တို့ တွေ့ကြုံရသော ပြဿနာပေါင်း သောင်းခြောက်ထောင်လဲ ပါဝင်ပါသည်။ ဉာဏ်ပညာတော်ဖြင့် အရာအားလုံးကို ကျွန်တော်တို့ ကောင်းဖို့နှင့် သူ၏ဘုန်းတော်အတွက် ကျွန်တော်တို့ထံသို့ ပို့တော်မူပါသည်။ သူ၏ဉာဏ်ပညာတော်က သူ့ကိုအားကိုးရန်၊ သူသည် ကျွန်တော်တို့၏ ကောင်းကင်၌ရှိတော်မူသော အဖဖြစ်ကြောင်း ယုံကြည်လာရန် အကြောင်းရင်း(reason)ကို ပေးပါသည်။

ကျွန်တော်တို့ဘဝအတွက် အံ့သြစရာကောင်းလှသော ဂုဏ်လက္ခဏာတော်ဖြစ်ပါသည်တကား! ဘုရားသခင်၏ ဉာဏ်ပညာတော်ကို မေ့ကြသောအခါတွင်၊ ကျွန်တော်တို့ထံ သူက ဘာတွေလုပ်နေပါသနည်း ? ဟု မေးခွန်းထုတ်ကြခြင်းဖြစ်ပါသည်။ သူသည် ပညာရှိဖြစ်ကြောင်း မေ့ကြသည့်အခါ၊ ကျွန်တော်တို့၏ ဘဝများ တွင် သူ၏လုပ်ဆောင်တော်မူခြင်းများကို ညီးတွားမြည်တမ်းကာ မကျေမနပ် ပြောဆိုကြခြင်းဖြစ်ပါသည်၊ အ ထူးသဖြင့် ခက်ခဲကြမ်းတမ်းချိန်များတွင်ဖြစ်သည်။ သူ၏ ဉာဏ်ပညာတော်သည် ကျွန်တော်တို့အတွက် အာမ ခံဖြစ်ပါသည်။ အရာအားလုံးက ကျွန်တော်တို့ကောင်းဖို့ လုပ်ဆောင်ပေးကြရမည်၊ ကျွန်တော်တို့ ဘာကိုမှ ကြောက်စရာမလို၊ ဘယ်အတွက်မှ ညီတွားစရာ၊ မကျေမနပ်ဖြစ်စရာမရှိ ဆိုသည့်အာမခံချက်ကို ပေးနေပါ သည်။

## ဘုရားသခင်၏ အားလုံးထက်မြင့်မားတော်မူခြင်းအကြောင်း(God's Transcendence)

ဘုရားသခင်၏ နောက်ဂုဏ်လက္ခဏာတခုမှာ သူ၏အားလုံးထက်မြင့်မားတော်မူခြင်း ဖြစ်ပါသည်။ အခြားဂုဏ်လက္ခဏာတော်များကဲ့သို့ ဤဂုဏ်လက္ခဏာကလည်း ကျွန်တော်တို့ကို သူသည်သာလျှင် ဘုရားသခင်ဖြစ်တော်မူကြောင်း သတိရစေပါသည်။ သူ၏ အားလုံးထက်မြင့်မားတော်မူခြင်း ဆိုသည်မှာ သူနှင့်အဆင့်တူသူ မည်သူမှမရှိခြင်းကို ပြောပါသည်။

ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်း အထက်တွင်ရှိတော်မူသည်။ ရှိလည်းရှိရပါမည်၊ အဘယ်ကြောင့်ဆိုသော် သူသည် ဖန်ဆင်းသူဖြစ်သောကြောင့်ဖြစ်သည်။ အနုပညာရှင်သည် သူဖန်တီးသောအနုပညာလက်ရာ၏ အထက်တွင် ရှိသကဲ့သို့၊ ဘုရားသခင်သည်လည်း သူလုပ်ကိုင်သောအလုပ်များထက် ကြီးမြတ်တော်မူပါသည်။ ထို့ကြောင့် ဘုရားသခင်၏အားလုံးထက်မြင့်မားတော်မူခြင်းက၊ အရာအားလုံးသည် ဘုရားဖြစ်ပါသည်ဆိုသောဝါဒ(pantheism)ကို မမှန်ကြောင်း ပြောပြနေပါသည်။ ထိုဝါဒသည် ခေတ်သစ်အတွေးအခေါ် အတော်များများတွင် အမြစ်တွယ်လျှက်ရှိပါသည်။ အထူးသဖြင့် နယူးအိတ်ချ်ဝါဒလှုပ်ရှားမှု(New Age movement)နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး(Environment)အဖွဲ့များတွင်ဖြစ်ပါသည်။ ထိုအဖွဲ့များအတွက် ဖန်ဆင်းခြင်းသည် အရာခပ်သိမ်းဖြစ်နေပါသည်။

ဘုရားသခင်သည် အချိန်နှင့်နေရာ၏အထက်တွင် ရှိတော်မူသည်။ အချိန်နှင့်ပတ်သက်၍ သူ၏ထာဝရဖြစ်တော်မူခြင်းက ဘုရားသခင်၏ အားလုံးထက်မြင့်မားတော်မူခြင်းကို ဖေါ်ပြပါသည်။ အချိန်ဆိုသည်မှာ သူလုပ်ထားသောအရာတခုမျှသာဖြစ်သည်။ ဘုရားသခင်ကို တုတ်နှောင်နိုင်သောအရာတခု မဟုတ်ပါ။ ကျွန်တော်တို့အတွက် နားလည်ရခက်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် သူ၏အကြောင်းကို ပြောဆိုကြသည့်အခါ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆိုသောအချိန်၏ရှုထောင့်မှ မဖြစ်မနေ ပြောဆိုရသောကြောင့် ဖြစ်ပါသည်။ တကယ်တမ်းပြောရလျှင် သူသည် ထာဝရ “ငါ” ဖြစ်တော်မူပါသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် “ငါ” ဖြစ်တော်မူပါသည်။ သူနှင့်အတူ အချိန်သည် မရှိပါ။ သူသည် စင်္ကြာဝဠာထဲတွင်လည်း ကန့်သတ်၍ မနေပါ။ စင်္ကြာဝဠာ၏ ကြီးမားကျယ်ပြန့်လှမှု၊ ရေတွက်မကုန်ခန်းနိုင်သော ဖန်ဆင်းခံများသည် သူ၏လက်တော်ဖြင့် လုပ်ဆောင်ထားခြင်းများသာဖြစ်ကြပါသည်။ သူသည် ၎င်းတို့ထဲ၌ ရှိနေတော်မူသည်၊ ၎င်းတို့နှင့်အတူ ရှိနေတော်မူသည်၊ သို့သော် အမြဲတမ်း ၎င်းတို့ထက်မြင့်လျှက်သာ ရှိနေတော်မူပြန်ပါသည်။

ကျွန်တော်တို့နှင့်ဆက်နွယ်၍လည်း သူသည် မြင့်မားတော်မူပါသည်။ ထိုအကြောင်းကြောင့် ကျွန်တော်တို့သည် သူ၏လုပ်ဆောင်မှုနှင့် လမ်းတော်ကို ဘယ်တော့မှ ကုန်ခန်းအောင် မသိနိုင်ကြခြင်းဖြစ်သည်။ အမြဲတမ်းပင် သူ၏ လမ်းတော်နှင့်အတွေးတော်တို့သည် ကျွန်တော်တို့ထက် မြင့်မားနေပါသည်။ သူ၏အကြောင်းကို အစမှအဆုံးထိ ကုန်ခန်းအောင် နားမလည်ကြသော်လည်း၊ သူ့ကို ကျွန်တော်တို့ ယုံကြည်ကြရပါမည်(ဟေရှာ ၅၅း၈၊ ၉)။ သူ၏အလုပ်တော်များသည် ကျွန်တော်တို့၏ရှာနိုင်စွမ်းထက် ကြီးမားပါသည်။ သူ၏လမ်းခရီးတော်တို့သည် လူ့အသိပညာကို ကျော်လွန်နေပါသည်။ သူ၏ ဘုန်းတော်သည်ရှာဖွေ၍မကုန်နိုင်ပါ။ သူ၏ ဂုဏ်လက္ခဏာတို့သည် ရေတွက်၍ မကုန်နိုင်ပါ။ သူကိုချီးမွမ်းရခြင်းသည် ဘယ်တော့မှ မဆုံးနိုင်ပါ။ သူ၏ဂုဏ်ကျက်သရေသည် ထာဝရကာလမှ ထာဝရကာလတိုင် ဖြစ်တော်မူပါသည်။

ယုံကြည်သူအတွက် ဘုရားသခင်၏အားလုံးထက်မြင့်မားတော်မူခြင်းက မည်သည့်ပြဿနာကိုမှ မပေးပါ။ အဘယ်ကြောင့်ဆိုသော် သူ၏မြင့်မားတော်မူခြင်းအဖြစ်မှနေ၍ ဘုရားသခင်သည် ယုံကြည်သူတို့နှင့် နီးကပ်စွာရှိနေတော်မူပါသည်(ယေရမိ ၂၃း၂၃)။ သူ့လူများနှင့် နီးနီးကလေးနေတော်မူပါသည်၊ သူ၏ချစ်ခြင်းနှင့် ကောင်းမြတ်တော်မူခြင်းကို သူ့လူများထံ ဖွင့်ပြတော်မူပါသည်။ သူ့လူများသည် သူ၏အားလုံးထက်မြင့်မားတော်မူခြင်းကို ချစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမှန်တရားက သူတို့ကိုးကွယ်အားထားသော၊ သူတို့ကို အရာခပ်သိမ်းအားပေးတော်မူသော ဘုရားသခင်သည် အသက်ရှင်သော၊ စစ်မှန်သော ဘုရားသခင်ဖြစ်ကြောင်း၊ သူကိုတုနှိုင်းနိုင်မည့်သူမရှိကြောင်း သတိပေးနေ၍ဖြစ်ပါသည်။ ယုံကြည်သူတို့သည် ဘုရားသခင်၏အားလုံးထက်မြင့်မားတော်မူခြင်းအမှန်တရားတွင် သူ့ကိုသာ မှီခိုအားကိုးကြရမည့်အကြောင်း၊ မိမိတို့၏ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းများကို သူ့အပေါ်တွင်သာ တည်မှီကြရမည်ဖြစ်ကြောင်း စသည့်အကြောင်းရင်းတို့ကို ရှာတွေ့ကြပါသည်။ ဘုရားသခင်က သူတို့ထံသို့ ပျော်စရာမကောင်းခြင်းများ၊ ဝေဒနာခံစား

ခြင်းများ၊ ပြဿနာများကို ပို့လိုက်လျှင်လည်း "အကျွန်ုပ်၏ အသားနှင့်နှလုံးသည် ပျက်ကြပါ၏၊ သို့သော်လည်း ဘုရားသခင်သည် အကျွန်ုပ်နှလုံး၏ အစွမ်းသတ္တိ၊ အကျွန်ုပ် အစဉ်အမြဲ ခံစားရာအဘို့ ဖြစ်တော်မူ ၏" ဟု ပြောကြပါသည် (ဆာလံ ၇၃း၂၆)။

ဘုရားသခင်သာ တတ်နိုင်တော်မူပါသည်။ ဘုရားသခင်သာ ကြီးမြတ်တော်မူပါသည်။ သူသာလျှင် ကျွန်တော်တို့၏ အတွေးများ၊ စကားများ၊ အလုပ်များထက် မြင့်မားတော်မူပါသည်။ ထို့ကြောင့် သူသာလျှင် ကျွန်တော်တို့၏ အားထားထိုက်သူ ဖြစ်တော်မူပါသည်။

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၉)

၃း၇-၁၃

၇ – ဖိလဒေလဖိမြို့၌ရှိသော အသင်းတော်၏တမန်ကို မှာလိုက်လော့၊ သန့်ရှင်းသောသူ၊ ဟုတ်မှန်သောသူ၊
ဒါဝိတ်မင်း၏တံခါးသော့ကို ကိုင်သောသူ၊ အဘယ်သူမျှ မပိတ်နိုင်အောင်ဖွင့်၍၊ အဘယ်သူမျှ မဖွင့်နိုင်အောင်
ပိတ်သောသူ၏အမိန့်တော်ကား၊ ၈ – သင်၏အကျင့်ကို ငါသိ၏။ အဘယ်သူမျှ မပိတ်နိုင်သောတံခါးကို
သင့်ရှေ့၌ ငါဖွင့်ထားပြီ၊ အကြောင်းမူကား၊ သင်သည် အနည်းငယ်သောခွန်အား ရှိသည် နှင့်၊
ငါ့နှုတ်ကပတ်ကို စောင့်ရှောက်ခဲ့ပြီ။ ၉ – ငါ၏နာမကိုလည်း မစွန့်ပယ်။ ယုဒလူဖြစ်ယောင်ဆောင်၍
အမှန်မဟုတ်ဘဲ၊ မုသာစကား ကိုပြောသောသူတည်းဟူသော၊ စာတန်အပေါင်းအသင်းဝင်သူအချို့တို့ကို
သင်၌ ငါအပ်ပေးမည်။ သူတို့သည် လာ၍ သင်၏ခြေရင်း၌ ပြပ်ဝပ်စေခြင်းငှာ၎င်း၊ ငါသည်
သင့်ကိုချစ်သည်ဟု သိစေခြင်းငှာ၎င်း၊ ငါပြုမည်။ ၁၀ – သင်သည် ငါ၏သည်းခံခြင်းနှင့် စပ်ဆိုင်သော
နှုတ်ကပတ်တရားကို စောင့်ရှောက်သောကြောင့် မြေကြီးပေါ်၌နေသောသူတို့ကို စုံစမ်းစေခြင်းငှာ၊
လောကီနိုင်ငံအရပ်ရပ်တို့ကို နှံ့ပြား လတံ့သော စုံစမ်းရာ ကာလတွင် သင့်ကို ငါစောင့်ရှောက်မည်။ ၁၁ –
ငါသည် အလျှင်အမြန်လာမည်။ သင်၏သရဖူကို အဘယ်သူမျှ မယူ စေခြင်းငှာ၊ ရခဲ့ပြီးသောအရာ ကို
စွဲကိုင်လော့။ ၁၂ – အကြင်သူသည်အောင်မြင်၏။ ထိုသူကို ငါသည် ငါ၏ဘုရားသခင့်ဗိမ္မာန်တော်၌
တိုင်ဖြစ်စေမည်။ နောက်တဖန် သူသည် ပြင်သို့ မထွေ့ရ။ ငါ၏ဘုရားသခင့်အထံတော်မှထွက်၍၊
ကောင်းကင်ဘုံမှ ဆင်းသက်သော ယေရုရှ လင်မြို့သစ်တည်းဟူသော၊ ငါ၏ဘုရားသခင့်မြို့တော်၏
နာမကို၎င်း၊ ငါ၏နာမသစ် ကို၎င်း၊ ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်။ ၁၃ – ဝိညာဉ်တော်သည်
အသင်းတော်တို့အား အဘယ်သို့မိန့်တော်မူသည်ကို နားရှိသောသူမည်သည် ကား ကြားပါစေ။

၁။ ဖိလဒေလဖိမြို့တော်သည် သာဒိမြို့၏ အရှေ့တောင်ဖက်တွင် တည်ရှိသည်။ ထိုမြို့ရှိအသင်းတော်သည် မြို့မျက်နှာဖုံး ဂျူးသူဌေးများ၏ မျိုးစုံသောဒုက္ခပေးခြင်းများကို ခံနေကြရပါသည်။ သခင်ယေရှုက သူ့ကိုယ်သူ သန့်ရှင်း၍ဟုတ်မှန်သူဟု ပြောပါသည်။ ဂျူးတို့က သူ့ကို မေရှိယအစစ်မဟုတ်ဟု ပြောခြင်းကို ရည်ညွှန်းပါသည်။ သူသည် တကယ်မေရှိယ(ကယ်တင်ရှင်)ဖြစ်ကြောင်း၊ ဘိသိတ်ခံရသူအမှန်ဖြစ်၍ ဒါဝိတ်မင်း၏သော့ကို ကိုင်သောသူဖြစ်ကြောင်း ပြောပါသည်။ ဟေရှာ ၂၂း၂၂ အရ ဒါဝိတ်၏သော့ကို ကိုင်သောသူသည် ဘုရင်အမွေဥစ္စာတို့ကို စီမံခန့်ခွဲရသူဖြစ်သည်။ သခင်ခရစ်တော်တဦးတည်းကသာ ဘုရားသခင့်နိုင်ငံတော်တွင် စီမန်ခန့်ခွဲသူဖြစ်ကြောင်း ပြောနေခြင်းဖြစ်သည်။

၂။ အသင်းတော်၏အခြေအနေမှာ "သင်သည် အနည်းငယ်သောခွန်အား ရှိသည် "ဟုပြောပါသည်။ ဆိုလိုသည်မှာ လူ သား၏အမြင်တွင် အားနည်းနေသည်၊ အရေအတွက်နည်းသည်၊ လောကကြီးအပေါ် လွှမ်းမိုးနိုင်စွမ်းအားနည်း သည်ဟု ပြောခြင်းဖြစ်သည်။ သစ္စာမရှိဟု ပြောခြင်းမဟုတ်ပါ။ အသင်းတော်သည် ဆန့်ကျင်မှုအပြင်းအထန် တွေ့နေရသော်လည်း သခင်ဘုရားအပေါ်

သစ္စာဆက်ရှိနေပါသည်။ သခင်ခရစ်တော်၏နှုတ်ကပတ်တော်ကို ဆက်လက် စောင့်ထိန်းပါသည်၊ ဩဝါဒ၊ သွန်သင်ခြင်း၌၄င်း၊ ဝန်ခံလိုက်လျှောက်ခြင်း၌၄င်း သစ္စာရှိလှပါ သည်။ အသင်းတော်ကို အနှိပ်စက်ဆုံးသူများမှာ "စာတန်၏အသင်းတော်"ဟုခေါ်သည့် ဂျူးဘာသာရေးအဖွဲ့ ဖြစ်ပါသည်။ "ခရစ်တော်၏သည်းခံခြင်းကိုစောင့်ရှောက်သည်"ဆိုခြင်းမှာ ကျမ်းစာတစ်ခုလုံးကို ဆိုလိုပါသည်။ ကျမ်းစာအတိုင်း နေထိုင်အသက်ရှင်ရန် အလွန်သည်းခံခြင်းရှိရပါသည်။ ထိုသို့သည်းခံရန်လည်း ဆက်လက်၍ အားပေးနေဖို့လိုအပ်ပါသည်။

အသင်းတော်၏အခြေအနေကိုကြည့်လျှင်၊ စမုရနအသင်းတော်နှင့်အခြေအနေ တူပါသည်။ အသင်းတော်(၂)ခုစလုံး လူ့အမြင်တွင် သေးငယ်အားနည်းလှပါသည်။ သို့သော် ယုံကြည်ခြင်း၌ အားကြီးပါသည်။ အသင်းတော်(၂)ခုစလုံး နှိပ်စက်ခြင်းကို ခံနေကြရပါသည်။ သို့သော် သစ္စာရှိကြပါသည်။ အသင်းတော်(၇)ခုထဲတွင် ဤ(၂)ခုကိုသာ သခင်ယေရှုက မဆူခြင်းကို တွေ့ရပါသည်။

၃။ "ဖွင့်ထားသောတံခါး"ဆိုသည်မှာ အခြားသူတို့၏နှလုံးသားများထဲသို့ အကျိုးသက်ရောက်စွာ ဧဝံဂေလိတရား ဟောနိုင်ခြင်းကို ဆိုလိုပါသည်၊ တမန် ၁၄း၂၇၊ ၁ကော ၁၆း၉၊ ၂ကော ၂း၁၂၊ ကော ၄း၃။ သခင်ယေရှုကသာ အခွင့်မပေးလျှင်၊ တရားဟောခြင်းတွင်လည်း ဘာမှထိရောက်မှုမရှိနိုင်ပါ။ သခင်ခရစ်တော်ကသာ တံခါးကို ဖွင့်ပေးနိုင်ပါသည်။ "အဘယ်သူမျှ မပိတ်နိုင်သောတံခါး"ဟုပြောသဖြင့်၊ သီးပွင့်ဖို့၊ တိုးတက်ဖို့ ကတိတော် ဖြစ်ပါသည်။ နှုတ်ကပတ်တော်ဆက်လက်ဟောပြောဖို့ အားရှိစေသောစကားဖြစ်သည်။ ထိုဖွင့်ထားသောတံခါး ဆိုသည်က ဂျူးတို့ထံ အစိကပြောနေခြင်းဖြစ်သည်။ အသင်းတော်ကို ဆန့်ကျင်နေသော ဂျူးတို့ကို စစ်မှန် သောနောင်တရစေလျှက်၊ အသင်းတော်သို့ နှိမ့်ချစွာ ဝင်ရောက်စေပါမည်ဟု ပြောနေခြင်းဖြစ်ပါသည်။ ထိုဂျူး များက လက်ဝါးကပ်တိုင်ကို အမြင်သစ်နှင့်မြင်လာကြမည်ဟု အားပေးနေခြင်းဖြစ်သည်။

၄။ ထို့နောက် စုံစမ်းနှောက်ယှက်ခံရသောအချိန်နာရီတွင် မစခြင်းခံရမည့်အကြောင်း ကတိပေးပါသည်။စုံစမ်းနှောက်ယှက်ခံရသောအချိန်ဆိုသည်မှာ ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံရသည့်အချိန်ဖြစ်သည်။ "လောကီနိုင်ငံအရပ် ရပ်တို့ကို နှံ့ပြားလတံ့သော စုံစမ်းရာကာလ" ဟုပြောထားသောကြောင့် ထိုစဉ်ချိန်နေရာအတော်များများရှိခရစ်ယာန် များ ခံရသည့်နှိပ်စက်ခံရခြင်းကို ဆိုလိုပါသည်။ "ကာလ"ဆိုသောစကားလုံးက "နာရီ"ကို ပြောချင်ပါသည်၊ ထို့ကြောင့်ဆိုလိုသည်မှာ ဆင်းရဲဒုက္ခရောက်ချိန် တိုတောင်းမည်ဟုပြောခြင်းဖြစ်သည်။ ထိုအချိန်တွင် "သင့်ကို ငါစောင့်ရှောက်မည်"ဟု ပြောခြင်းသည်၊ ဆင်းရဲဒုက္ခကို"မခံရ"ဟု ပြောနေခြင်းမဟုတ်၊ ဝိညာဉ်ရေးရာအရ စောင့်ရှောက်မည်၊ ထို့ကြောင့် ဆင်းရဲခံရသော်လည်း နောက်တွန့်သွားကြမည်မဟုတ်ဟု ပြောနေခြင်းဖြစ် သည်။

၅။ ထို့နောက် "ရခဲ့ပြီးသောအရာ ကို စွဲကိုင်လော့"ဟု ခွန်အားပေးပါသည်။ အသင်းတော်က သခင်ခရစ်တော်၏ နှုတ်ပတ်တော်ကို ပိုင်ဆိုင်ပါသည်။ ထိုအတိုင်းဆက်၍ ခိုင်မာစွာရပ်တည်ရမည်ဟု ပြောနေခြင်းဖြစ်သည်။ အောင်မြင်ခြင်းသရဖူကို ရနိုင်ရာ တခုတည်းသောလမ်းဖြစ်သည်။ သို့သော် ထိုသို့ ဖွဲ့နှင့်အသက်ရှင်နိုင်ခြင်း သည် သခင်ခရစ်တော်၏စောင့်ရှောက်ပေးမှုဖြင့်သာ လက်တွေ့ဖြစ်လာနိုင်ပါသည်။

၆။ ဆက်လက်၍ အနာဂတ်တွင် ရရှိမည့် ကောင်းချီးမင်္ဂလာကို ဆက်ပြောပြသည်။ အောင်မြင်သောသူကို ငါ့ခမည်းတော်၏ဗိမ္မာန်တွင် တိုင်ဖြစ်စေမည်။ ဤနေရာတွင် ဗိမ္မာန်တော်ဆိုသည်မှာ ဘုန်းအသရေနှင့်ပြည့်ဝပြီး အသင်းတော်ကို ဆိုလိုသည်။ "တိုင်"ဆိုသည်က ပြောချင်သည်မှာ အမြဲတမ်း တည်ရှိခြင်း၊ ခိုင်မာစွာ ထောက်ပံ့ထားခြင်း၊ ဆင်ယင်ချယ်သခြင်းကိုဆိုလိုပါသည်။
ထို့နောက် သုံးထပ်ကွမ်းနာမည်ကို ပေးမည့်အကြောင်း ဆက်ပြောပါသည်။ ဤနေရာတွင် "အမည်"ဆိုသည်က ပိုင်ဆိုင်ခြင်း၊ ထပ်တူတူညီခြင်းတို့ကို ပြောချင်ပါသည်။ "ငါ့ဘုရားသခင်၏နာမည်" ဆိုသည်မှာ ဘုရားသ

**ခင်နှင့်တသက္ကြာန်တည်းဖြစ်ခြင်း၏ ဂုဏ်အသရေ၊ ဘုရားသခင်၏ ပြည့်စုံသော သား/သမီးဖြစ်ရခြင်းအခွင့် တို့ကို ပြောပါသည်။ "ယေရှုရှလင်မြို့သစ်၏နာမည်" ဆိုသည်မှာ ဘုရားသခင်၏မြို့တော်တွင် မြို့သားတ ယောက်ဖြစ်ခွင့်ရခြင်းကို ဆိုလိုပါသည်။ "ခရစ်တော်၏ နာမည်သစ်" ဆိုသည်မှာ သူ၏ဘုန်းအသရေကို ပါ ဝင်ဆက်ဆံရခြင်းကို ပြောပါသည်။**